ညောင်မြစ်ကျေးရွာ

မြင်းမူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်မြစ်ကျေးရွာ၊ မြင်းမူမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်

မာတိကာ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီအနေအထား
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ
၃။ **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**
၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ
၅။ **အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**
၆။ ပညာရေး
၇။ ကျန်းမာရေး
၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
၉။ ကျား – မ ရေးရာ
၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ
ဖွံ့ဖြိုးရေးဗျူဟာ တည်မှုဆိုင်မှုဆိုင်ရာအခြေပြဖယား

၁။ တည်နေရာနှင့် ပထဝီအနေအထား

အိမ်ထောင်စုပေါင်း(၂၀၀) စုနှင့် ကျား (၃၉၆)၊ မ(၄၇၀)ဦးဖြင့် လူဦးရေပေါင်း (၈၆၆)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅)ဦး ထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင် သည့်အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံးတို့၏ ၇၁.၉% ရှိပါ သည်။

ညောင်မြစ်ကျေးရွာသည် မြင်းမူမြို့၏ မြောက်ဘက်တွင်တည်ရှိပါသည်။ မူးမြစ်ဘေး တွင် တည်ရှိပြီး မြေပြန့်လွင်ပြင်ဖြစ်ပါသည်။ အနောက်ဘက်တွင် ကန်ဖျားကျေးရွာ၊ အရှေ့ ဘက်တွင် ပုံညာကျေးရွာ ၊ တောင်ဘက်တွင် မကျီးကန်ကျေးရွာ၊ အရှေ့မြောက်ဘက်တွင် မေဂျာကျေးရွာတို့ရှိပါသည်။ အဓိကသက်မွေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် လက်မှုပညာနှိုး ယက်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် စိုက်ပျိုးရေးနှင့် နှီးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပြီး လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေနှင့် ကိုင်းကျွန်းမြေများဖြစ်ပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းပါသည်။ ကျွန်တော်တို့ကျေးရွာတွင် မူးမြစ်နှင့် အဝီစိတွင်းများမှ စိုက်ပျိုးရေရှိ စိုက်ပျိုးနိုင်ပါသည်။ မိုးရေချိန်လက်မ (၄၀)အောက်သာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း (၅) ဖွဲ့ရှိပါသည်။ စိတ္တသုခလူငယ်ပရဟိတအဖွဲ့၊ မီးလင်းရေးကော်မတီအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့တို့ ဖြစ်ပါသည်။ စိတ္တသုခလူငယ်ပရဟိတအသင်းကိုလည်း ကျေးရွာမှလူငယ်များဦးဆောင်ဖွဲ့စည်းပြီး လူကြီးအချို့လည်း ပါဝင်ပါသည်။ တခြားငွေချေးလုပ်ငန်းများနှင့် ဆက်နွယ်မှုမှာ အရင်ကမရှိခဲ့သော်လည်း

(၂၆.၁၀.၂၀၁၈)နောက်ပိုင်းတွင် ပတ်မြန်မာနှင့် ငွေစုငွေချေးလုပ်ငန်း စတင်လုပ်ဆောင်လျှက်ရှိပါသည်။ ကျေးရွာသူကျေးရွာသားများအားလုံး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့် အသင့်တင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၄၁.၅%) သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ် သတ်မှတ်ကြပြီး (၅၀.၅%) သည် အလယ်အလတ်အဆင့်၊ (၈%) သည် ချမ်းသာသည့်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေဧက (၁၈၃)ဧက၊ ယာမြေ (၆၆၂)ဧက၊ ဥယျာဉ်ခြံမြေ (၂၈)ဧကရှိပြီး၊ မြေဆီဩဇာများ ယေဘုယျအားဖြင့် အသင့်အတင့်ရှိပါသည်။ စိုက်ပျိုးရေးကို အများအားဖြင့် အဝီစီတွင်းများမှ ရာသီအလိုက်ရရှိပါသည်။ လုံလောက်မှုမရှိပါ။

ကျေးရွာတွင် အဓိကအားဖြင့် စပါး၊ မြေပဲ၊ နှမ်းတို့ကို စိုက်ပျိုးကြပါသည်။ ပျမ်းမျှအားဖြင့် အထွက်နှုန်းအသင့်အတင့်ရှိပါသည်။ တစ်ချို့အိမ်ထောင်စုများမှာ သရက်နှင့် ငှက်ပျောများစိုက်ပျိုးကြပါသည်။ စပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၄၀)တင်းထွက်ရှိပါသည်။ လယ်ယာသုံးကိရိယာအသုံးပြုမှုအနေဖြင့် ထွန်စက်ကြီး (၄)စီး၊ လယ်ထွန်စက် (၁၇)စီး၊ ရေစုပ်စက် (၉၈)လုံးရှိပါသည်။ ကျေးရွာတွင် လယ်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင် ထွန်စက်အကြီးမှာ တစ်နာရီလျှင် ၁၈၀၀၀/-ကျပ်နှင့် လယ်ထွန်စက်အသေးမှာ တစ်နာရီ ၆၀၀၀/-ကျပ် ပေးရကာ ငှားရမ်းခစျေးနှုန်းမြင့်မားခြင်းနှင့်ရင်ဆိုင်ရသည်။

ကျေးရွာတောင်သူများသည် အတိုးနှုန်း (၇၀)ပြားနှုန်းဖြင့် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် တစ်ဧကလျှင် တစ်သိန်းခွဲကျပ်နှုန်းဖြင့် ချေးယူနိုင်ကြပါသည်။ မွေးမြူရေးအနေဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ နွားနှင့် နို့စားနွားများကို

အဓိကအားဖြင့် လယ်ယာသုံးလုပ်ငန်းတွင် အသုံးပြုကြပြီး ဆိတ်၊ သိုး၊ ဝက်နှင့် ကြက်များကို အပိုဝင်ငွေရရှိရန် မွေးမြူကြပါသည်။

အိမ်ထောင်စုအချို့မှာ ကျပန်းလက်လုပ်လက်စား၊ လက်သမား၊ ပန်းရံ၊ အိမ်စျေးဆိုင် စသော အသေးစားအိမ်တွင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြပါသည်။ အစိုးရဝန်ထမ်း နှင့်လခစားဝန်ထမ်းလုပ်သည့် အိမ်ထောင်စုနည်းပါးပါသည်။ ကျေးရွာ၏ အိမ်ထောင်စု အများစုမှာ နှီးယက်လုပ်ခြင်းလုပ်ငန်းကိုသာ တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်ကြပါ သည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာချင်းဆက်လမ်းကန်ဖျား–ညောင်မြစ်လမ်းအား မြေသားလမ်းအဖြစ် ခင်းပေးထားပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ မိုးရာသီတွင် ကျေးရွာချင်းဆက်လမ်းများမှာ မြေသား လမ်းဖြစ်သောကြောင့် သွားလာရခက်ခဲပါသည်။ ကုန်သွယ်မှုနှင့် လမ်းပန်းဆက်သွယ်မှု ဆက်သွယ်ရေးအတွက် မော်တော်ကား (၁)စီး၊ မော်တော်ဆိုင်ကယ် (၁၁၅)စီး၊ စက်ဘီး (၃၇) စီး၊ ထော်လာကျီ (၁)စီး၊ နွားလှည်း (၁၁၅)စီးတို့ကို အသုံးပြုနေကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမှာ ရွာတွင်းလိုင်း (၀.၄KV)လိုင်း သွယ်တန်းထားရှိပြီးဖြစ်သော်လည်း လျှပ်စစ်မီး မရရှိသေးပါ။ လတ်တလောတွင် ဆိုလာမီး (၇၂)အိမ်၊ ဒီဇယ်အင်ဂျင်မီး (၆၉)အိမ်နှင့် အခြား မီး(၄၂)အိမ် အသုံးပြုနေကြပါသည်။ တယ်လီဖုန်းဆက်သွယ်မှုမှာလည်း ကောင်းမွန်ပါသည်။ အိမ်တိုင်းနီးပါးလက်ကိုင်ဖုန်းအသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြု နိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံး ပြုနိုင်ပါသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိသေးသည့်အတွက် ကျေးရွာသူကျေးရွာသား များမှာ စာဖတ်သည့်အလေ့အထနည်းပါးပါသည်။

၆။ ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်မြင့်မားကြောင်း တွေ့ရှိရသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး၊ စာမတတ် သူရာခိုင်နှုန်းသည် မရှိသလောက်နည်းပါးပါသည်။ လူဦးရေ၏ (၉၀)% သည် အခြေခံမူလတန်းပညာပြီးမြောက်သူများ ဖြစ်ပါသည်။ ကျေးရွာတွင် မူလတန်းကျောင်း အဆင့်သာရှိပြီး ဆရာ/ဆရာမ အစိုးရခန့် ၆ ဦးရှိပါသည်။ ကျောင်းသားဦးရေနှင့်တွက်ဆလျှင်လုံလောက်ပါသည်။ ၆၀ပေ၊ ၃၀ပေ၊ ၁၈ပေ ကျယ်ဝန်းပြီး သွပ်မိုး အုပ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်ထဲတွင် သင်ကြားပါသည်။ ရွာတွင် နေထိုင်သင်ကြားသော ဆရာဆရာမများနှင့် ရွာနီးချင်းဆရာမများဖြစ်သည့်အတွက် ကျောင်းတွင် နေထိုင်မှုမရှိပါ။ အလယ်တန်းပညာရေးကို မကျီးကန်ကျေးရွာသို့ တက်ရောက်သင်ကြားကြရပြီး အထက်တန်းပညာရေးကို မြင်းမူမြို့သို့လည်းကောင်း၊ ဂုံညင်းဆိပ်ကျေးရွာသို့လည်းကောင်း သွားရောက်ပညာသင်ကြားရပါသည်။ အထက်တန်းနှင့် တက္ကသိုလ်ပညာရေးတက်ရောက်မှုသည် လျော့နည်းပါသည်။ ကျောင်းသားအများစုမှာ မူလတန်းနှင့် အလယ်တန်းပညာတက်ရောက်ပြီးလျှင် ကျောင်းထွက်ပြီး မိသားစုလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ကြပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် အသင့်အတင့်အဖြစ်များသော ရောဂါများမှာ ဝမ်းပျက် ဝမ်းလျော၊ ဆီးချို၊ တီဘီနှင့် ရာသီကူးပြောင်းချိန်တွင် ဖြစ်တက်သော နာစေးချောင်းဆိုးလောက်သာ ဖြစ်ပွားကြပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ် များကာကွယ်ဆေး ပုံမှန်လာရောက်ထိုးနှံပေးပါသည်။ ကျေးရွာသူကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာမှ ၂မိုင်ခန့်အကွာရှိ ဂုံညင်းဆိပ်တိုက်နယ်ဆေးရုံတို့တွင် ရရှိနိုင်ကြပြီး မိုးတွင်းကာလနှင့် မူးမြစ်ရေကြီးချိန်တို့တွင် သွားလာရခက်ခဲမှုရှိသဖြင့် ကျေးလက်ဆေးပေးခန်းလိုအပ်မှုမှာ အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ကျေးရွာတွင် လက်နှိပ်တုံကင်များမှ မြေအောက်ရေကို အလွယ်တကူလုံလောက်စွာရရှိပါသည်။ တစ်ရွာလုံး ယင်လုံအိမ်သာသုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားသော ရောဂါဖြစ်ပွားမှုများ နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းယင်လုံအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူကျောင်းသားများအတွက် အသုံးပြုရန်လွယ်ကူပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေသည် အများအားဖြင့် မူးမြစ်ရေတက်ချိန်တွင် ကျေးရွာရှိ စိုက်ပျိုးလယ်ယာမြေများ နှစ်စဉ်ပျက်စီး ဆုံးရှုံးမှုများရှိပါသည်။ မိုးခေါင်ချိန်၊ ရေကြီးချိန်တွင် အလုပ်အကိုင်ရှားပါးပြီး၊ မြေယာမဲ့တောင်သူများနှင့် လက်လုပ်လက်စားများ အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေနည်းပါးခြင်းများကြုံတွေ့ရပါသည်။ စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျစွန့်ပစ်ကြပါသည်။

၉။ ကျား – မ ရေးရာ

ကျေးရွာတွင် ကျား/မဆိုင်ရာဆက်နွယ်မှုအနေအထားမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်ရေးတူညီစွာရရှိသည်ဟု သုံးသပ်နိုင်ပါသည်။ အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင် အမျိုးသမီးပါဝင်မှု အားနည်းသော်လည်း အခြားလူမှုရေး အသင်းအဖွဲ့များတွင် အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိပါသည်။

၁၀။ ကျေးရွာမှရွေးချယ်ထားသော ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဦးစားပေးစီမံချက်	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၁
၂	ကျန်းမာရေး	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၂
၃	စိုက်ပျိုးရေး	မြစ်ရေတင်စီမံကိန်းဆောင်ရွက်ခြင်း	၃
၄	လူငယ်	အသက်မွေးဝမ်းကျောင်းပညာသင်ကြားခြင်း	၄
၅	အခြေခံအဆောက်အဦ	ကျေးရွာချင်းဆက်လမ်းပြုပြင်ခြင်း	၅